# ကျားမအခြေပြုအကြမ်းဖက်မှုဆိုင်ရာ ကြိုတင်ပြင်ဆင်ချက်နှင့် တုံ့ပြန်မှု အခြေအနေတွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကွန်ယက်များနှင့် အမျိုးသမီးအရေးဆိုင်ရာ မိတ်ဖက်မှုများအတွက် အောင်မြင်မှုများနှင့် အခွင့်အလမ်းများ

***လေ့လာမှုအကျဉ်းချုပ်***

## မိတ်ဆက်ခြင်းနှင့် အကြောင်းအရာ

The Building Local Thinking Global (BLTG) စီမံကိန်းသည် ၃ နှစ် လုပ်ငန်းစီမံချက်ဖြစ်ပြီး အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေး ကော်မတီ၏ ပူးပေါင်းဆောင်ရွက်မှုဖြင့် အမေရိကန်ပြည်ထောင်စုဌာန - လူဦးရေ၊ ဒုက္ခသည်များနှင့် လူဝင်မှုကြီးကြပ်ရေးဗျူရို မှ ရန်ပုံငွေ ပံ့ပိုးသော စီမံချက်ဖြစ်ပါသည်။ ဤစီမံကိန်းသည် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ အမျိုးသမီးဦးဆောင်သော နိုင်ငံလုံးဆိုင်ရာ နှင့် ဒေသန္တရဆိုင်ရာကွန်ယက်များကို နည်းပညာဆိုင်ရာ အရင်းအမြစ်များပံ့ပိုးခြင်းနှင့် ကျားမအခြေပြုအကြမ်းဖက်မှု အရေးပေါ်ကာလ (GBV) ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုလုပ်ငန်းများကို ထောက်ပံ့ပေးပါသည်။ BLTG စီမံကိန်းသည် ဒေသခံအခြေပြု အမျိုးသမီး အဖွဲ့အစည်းများ၏ အရေးပါသော အခန်းကဏ္ဍမှသည် ကမ္ဘာလုံးဆိုင်ရာ ကတိကဝတ်များသို့ [1] ချဲ့ထွင်နိုင်ရန် ကူညီပံ့ပိုးမှုပေးရာတွင် [2] ကြိုးပမ်းဆောင်ရွက်ပါသည်။ အမျိုးသမီးများနှင့် မိန်းကလေးငယ်များသည် မိမိကိုယ်ကို ကာကွယ်စောင့်ရှောက်ရာတွင် အဓိကပါဝင်သူများ ဖြစ်နေသောကြောင့် အရေးအပေါ်ကာလ GBV လုပ်ငန်းအစီအစဉ်အတွက် ကာကွယ်စောင့်ရှောက်မှု အန္တရာယ်များနှင့် ဖြေရှင်းမည့် နည်းလမ်းများကို ဖော်ထုတ်ခြင်းလုပ်ငန်းစဉ်တွင် တက်ကြွသော မိတ်ဖက်များဖြစ်နေသည်ကို တွေ့ရှိရပါသည်။ BLTG စီမံကိန်းသည် အရေးပေါ် အခြေအနေတွင် ဝန်ဆောင်မှုများကို လက်လှမ်းမီရန်အတွက် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပူးပေါင်းပါဝင်မှုကို သေချာစေရန်၊ ပိုမိုကောင်းမွန်သော GBV လုပ်ငန်းအစီအစဉ် ရလဒ်များ ရရှိစေရန်အလို့ငှာ ဝန်ဆောင်မှုလက်လှမ်းမီရန်၊ အခက်ခဲဆုံးသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် လုံခြုံမှုနှင့် ဂုဏ်သိက္ခာရှိသော GBV ဝန်ဆောင်မှုများ ပံ့ပိုးပေးနိုင်ရန်၊ ကဏ္ဍပေါင်းစုံအား ထည့်သွင်းစဉ်းစား ချဉ်းကပ်မှုကို တစ်ချိန်တည်းတွင် သေချာမှုရှိစေရန် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ကွန်ယက်များကို ထောက်ပံ့ကူညီပေး ပါသည်။ BLTG စီမံကိန်းသည် ၂၀၁၇ ခုနှစ် စက်တင်ဘာလ မှ ၂၀၂၀ ခုနှစ် ဇန်နဝါရီလ အထိ ဒေသ သုံးခု (အာရှ၊ အရှေ့အာဖရိကနှင့် အရှေ့အလယ်ပိုင်းဒေသ) ရှိ နိုင်ငံပေါင်း ၁၈ နိုင်ငံရှိ အဖွဲ့အစည်းပေါင်း ၅၁ ဖွဲ့နှင့်အတူ လက်တွဲအကောင်အထည်ဖော် ဆောင်ရွက်ခဲ့ပါသည်။


BLTG စီမံကိန်းအား Akina Mama wa Afrika ၊ GBV Prevention Network၊ Gender Equality Network – မြန်မာ, အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးကော်မတီ၊ El-Karama, the Strategic Initiative for Women in the Horn of Africa နှင့် အပြည်ပြည်ဆိုင်ရာ အမျိုးသမီးများ ငြိမ်းချမ်းရေးစင်တာ စသည့်အဖွဲ့အစည်းများမှ ကိုယ်စားလှယ်များဖြင့် ဦးဆောင်ကော်မတီကို ဖွဲ့စည်းတည်ထောင်ခဲ့ပါသည်။ ဦးဆောင်

[1] ကမ္ဘာ့လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ထိပ်သီးအစည်းအဝေးတွင် အမျိုးသမီးများနှင့်မိန်းကလေးများအတွက် အဓိကကတိကဝတ်ငါးခု၊ Grand Bargain၊ အရေးပေါ်အခြေအနေများတွင် GBV ကာကွယ်စောင့်ရှောက်မှု၊ ရေရှည်တည်တံ့ခိုင်မြဲသော ဖွံ့ဖြိုးရေးရည်မှန်းချက်များ (SDG) အမျိုးသမီးများ၊ ငြိမ်းချမ်းရေးနှင့်လုံခြုံရေး (WPS) အစီအစဉ်များအပေါ် လှုပ်ရှားဆောင်ရွက်ရန် ခေါ်ယူမှုစသည်)

[2] International Rescue Committee, အပြည်ပြည်ဆိုင်ရာ အကူအညီပေးရေးအဖွဲ့၊ အရေးပေါ် အခြေအနေများ၌ ကျား/မ အခြေပြုအကြမ်းဖက်မှုအား တုံ့ပြန်ဆောင်ရွက်ခြင်းကို ဒေသတွင်းအသုံးပြုနိုင်အောင် ဖန်တီးခြင်း, စက်တင်ဘာ ၂၀၁၇, p6.

ကော်မတီ အဖွဲ့ဝင်များသည် အရေးပေါ်အခြေအနေများတွင် GBV တုံ့ပြန်ဆောင်ရွက်မှု အားကောင်းလာစေရန်နှင့် အမျိုးသမီးဝါဒ အတွေးအမြင်နှင့် အမူအကျင့်မှ အခြေခံသော လုပ်ငန်းနည်းလမ်းများကို ဖော်ထုတ်သတ်မှတ်ရန် လုပ်ဆောင်ခဲ့ပါသည်။

လွန်ခဲ့သောသုံးနှစ်တာကာလအတွင်း BLTG စီမံကိန်းသည် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ကွန်ယက်များမှ အရေးပေါ်ကာလ GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှု သင်တန်းနည်းပြများ စုစည်းခြင်း အပါအဝင် အမျိုးမျိုးသော လုပ်ရှားမှုများ မှတဆင့် အမျိုးသမီးဝါဒ တန်ဖိုးများနှင့် မိတ်ဖက် လုပ်ဆောင်ခြင်းကို အလေးထား လုပ်ဆောင်ခဲ့ပါသည်။ ဤစုစည်းမှုသည် GBV လှုပ်ရှားသူများအား ၎င်းတို့နှင့် သက်ဆိုင်ရာနယ်ပယ်များတွင် လေ့လာသင်ယူမှုများကို လက်တွေ့ကျင့်သုံးရန်၊ deep-dive အလုပ်ရုံဆွေးနွေးမှုများမှတဆင့် ရှိနှင့်ပြီးသော အသိပညာ ဗဟုသုတများကို မြှင့်တင်ရန်နှင့် ဝန်ဆောင်မှုများ မရရှိသော သီးခြား အုပ်စုများအတွက် လက်လှမ်းမီမှု တိုးတက်ရရှိစေရန် ပံ့ပိုးကူညီပေးသည်။ BLTG စီမံကိန်းသည် လုံခြုံစိတ်ချရသော GBV ဝန်ဆောင်မှုများနှင့် အဓိပ္ပာယ်ရှိသော ပူးပေါင်း ပါဝင်ဆောင်ရွက်မှု တိုးမြှင့်လာစေရန် ရည်ရွယ်သော လုပ်ငန်းအကောင်အထည်ဖော်ဆောင်မှုများကို ပံ့ပိုးကူညီရန် ငွေသား ထောက်ပံ့ပေးခြင်းကိုလည်း လုပ်ဆောင်ပါသည်။ အချုပ်အားဖြင့် BLTG စီမံကိန်း သည် GBV ဆိုင်ရာဝန်ဆောင်မှု ပေးနေသော အဖွဲ့အစည်းများ၏ COVID-19 အန္တရာယ်လျော့ချရေး တိုင်းတာချက်ကဲ့သို့သော အရေးပေါ်ကာလ အတွင်း GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန်ဆောင်ရွက်မှုဆိုင်ရာ လက်လှမ်းမီ ရရှိနိုင်သော အရင်းအမြစ်များနှင့် ပစ္စည်းများကို မျှဝေခြင်း အပါအဝင် ကမ္ဘာလုံးဆိုင်ရာ သင်ယူမှုရပ်ဝန်းကို စီမံကိန်းအဖွဲ့ဝင်များအတွက် တည်ထောင်နိုင်ခဲ့ပါသည်။ ဤလုပ်ငန်းတစ်လျှောက်လုံးတွင် BLTG စီမံကိန်းသည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား တာဝန်ခံယူမှုနှင့်ပတ်သက်သော ခိုင်မာအားကောင်းသော တက်ကြွလှုပ်ရှားမှု အခြေပြု အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများ၏ ကျွမ်းကျင်မှုကို တန်ဖိုးထားနားထောင်ပေးသည့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ လှုပ်ဆောင်မှုအတွက် မျှော်မှန်းခဲ့ပါသည်။ ထို့အပြင် စီမံကိန်းသည် အမျိုးသမီးများအပေါ် အကြမ်းဖက်မှု ဆန့်ကျင်ရေး (VAWG) လုပ်ငန်းများ လုပ်ဆောင်နေသော အရပ်ဘက်အဖွဲ့အစည်းများကို ဦးတည်သော စွမ်းဆောင်ရည်မြှင့်တင်ခြင်းလုပ်ငန်းများကို ဦးစားပေး သတ်မှတ်ဖော်ထုတ်ခဲ့သည်။ ယင်းလုပ်ငန်းများသည် မိတ်ဖက်အဖွဲ့အစည်းများ၏ အရေးပေါ်အခြေအနေများတွင် GBV ကြိုတင်ပြင်ဆင်မှုနှင့် ဝန်ဆောင်မှုပေးခြင်းအပေါ် နည်းပညာ ကျွမ်းကျင်မှုနှင့် ယုံကြည်မှုရှိခြင်း၊ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ မတူကွဲပြားသော အသက်အရွယ်၊ စွမ်းဆောင်ရည်၊ သွင်ပြင်လက္ခဏာ၊ ယဉ်ကျေးမှုနှင့် ကိုးကွယ်ယုံကြည်မှုအလိုက် အရည်အသွေးပြည့်ဝသော ဝန်ဆောင်မှုများ လက်လှမ်းမီရရှိမှု မြင့်မားလာခြင်း၊ စည်းလုံးညီညွတ်စွာ တက်ကြွလှုပ်ရှားမှုကို ဖန်တီးခြင်းနှင့် အဓိပ္ပာယ်ပြည့်ဝသော လှုပ်ရှားမှုများ လုပ်ဆောင်နိုင်ရန်အတွက် ပံ့ပိုးပေးပါသည်။




*ပုံ ၁. နိုင်ငံမှ BLTG မိတ်ဖက်များနှင့် ဦးဆောင်ကော်မတီဝင်များအား တွေ့ဆုံမေးမြန်းထားသော အရေအတွက်*

ဤလေ့လာမှုအကျဉ်းချုပ်သည် စီမံကိန်း၏ အောင်မြင်မှုများ၊ အခက်အခဲများ နှင့် အခွင့်အလမ်းများကို လေ့လာဆန်းစစ်နိုင်ရန်အတွက် စီမံကိန်းတတိယနှစ်တွင် ပြုလုပ်သော အဆုံးသတ်အကဲဖြတ်ခြင်း (EA) အနှစ်ချုပ်ကို ရှင်းလင်းတင်ပြထား ပါသည်။

(၁) အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများအတွင်း အရေးပေါ် ကာလ GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန် ဆောင်ရွက်မှု နယ်ပယ်တွင် ရှိနှင့်ပြီးသော အသိပညာ၊ ဗဟုသုတနှင့် စွမ်းဆောင် ရည်များ တည်ဆောက်ခြင်းနှင့် လေ့လာခြင်း။

(၂) မတူကွဲပြားသော ဝိသေသလက္ခဏာရှိ အမျိုးသမီးနှင့် မိန်းကလေး ငယ်များ ပါဝင်သည့် BLTG အဖွဲ့ဝင်များ၏ လိုက်လျော ညီထွေမှုရှိသော GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်မှုနှင့် တုံ့ပြန် ဆောင်ရွက်မှု လုပ်ငန်းများနှင့်

(၃) အပြည်ပြည်ဆိုင်ရာ အစိုးရမဟုတ်သော အဖွဲ့အစည်းများ (INGOs) နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများကြားရှိ အမျိုးသမီး ဆိုင်ရာ မိတ်ဖက်လုပ်ဆောင်ခြင်း။

## အဓိက လေ့လာရန် မေးခွန်းများ

၁။ BLTG စီမံကိန်းနှင့် ပတ်သက်၍ မိတ်ဖက်အဖွဲ့ အစည်းများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် GBV အရေးပေါ် ကြိုတင်ပြင်ဆင်မှု နှင့် တုံ့ပြန် ဆောင်ရွက်မှု၏ အောင်မြင်သော အစီအစဉ်အဖြစ် မည်သည့် အချက်များက ဖော်ပြထားပါသနည်း။

၂။ BLTG စီမံကိန်းမှ မည်သည့်အချက်များက မတူကွဲပြားသော ဝိသေသ လက္ခဏာရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် WRO ၏ စွမ်းဆောင်ရည် ပံ့ပိုးမှုကို အောင်မြင်စွာ လွယ်ကူချောမွေ့စေခဲ့သနည်း။

၃။ BLTG မိတ်ဖက်များအနေဖြင့် WRO နှင့် INGOs များကြား အောင်မြင်သော အမျိုးသမီးဆိုင်ရာ မိတ်ဖက်ပြုခြင်းတွင် မည်သည့်အချက်များက အရေးကြီးဆုံး အချက်များဖြစ်သည်ဟု ထင်မြင်သနည်း။

၄။ BLTG မိတ်ဖက်များနှင့် BLTG စီမံကိန်းဦးဆောင်ကော်မတီသည် ဒေသခံ WRO နှင့် INGOs များကြား ရေရှည်ခိုင်မာသည့် အမျိုးသမီးဆိုင်ရာ မိတ်ဖက်မှု ကို တည်ဆောက်ရန် မည်သည့် နည်းလမ်းများက အကောင်းဆုံး ဖြစ်သည်ဟု ထင်မြင်ပါသနည်း။

| | **အရည်အသွေး** | | | **အရေအတွက်** | |
|---|---|---|---|---|---|
| | BLTG အဖွဲ့ဝင်များနှင့် တစ်ဦးချင်းအင်တာဗျူး | ဦးတည်အုပ်စု ဆွေးနွေးပွဲများ | ရေးသားဖော်ပြထားသော တုံ့ပြန်စာတမ်း | သက်တူရွယ်တူ သဘောထားဆိုင်ရာ စစ်တမ်း | အကျိုးခံစားခွင့်ရှိသူ စစ်တမ်း |
| အရင်းအမြစ်များ | ဦးဆောင်ကော်မတီ အဖွဲ့ဝင်များ N=11 | အဖွဲ့ဝင်များ၊ ဦးဆောင် ကော်မတီဝင်များနှင့် ဦးတည်အုပ်စု ဆွေးနွေးပွဲများ N=13 | အင်တာဗျူး မေးခွန်းများကို ရေးသားဖော်ပြချက် N=2 | GBV တက်ကြွလှုပ်ရှား သူများ၊BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင် များ N=796 | အမျိုးသမီးနှင့် မိန်းကလေးငယ်များ N=206 |
| အတည်ပြုခြင်းအပိုင်း | အတည်ပြုခြင်းအပိုင်း (n=8) + **ရေးသားထားသော တုံ့ပြန်အကြံပြုချက်** | | | | |

ဤအကဲဖြတ်ခြင်းသည် EA ရည်ရွယ်ချက်များကို ရှုထောင့်ပေါင်းစုံမှ နားလည်စေရန်အတွက် ရှိနှင့်ပြီးသော အရေးအတွက်ဆိုင်ရာ စီမံကိန်း ဒေတာများအပေါ် တစ်ဆင့်ခံ ဆန်းစစ်ချက်နှင့်အတူ အရည်အသွေးဆိုင်ရာ နည်းလမ်းများကိုလည်း ပေါင်းစပ်ထားပါသည်။ ၂၀၂၀ ခုနှစ် အောက်တိုဘာလနှင့် နိုဝင်ဘာလတွင် စီမံကိန်းနည်းပညာရှင်မှ BLTG အဖွဲ့ဝင်များ[3] နှင့် ဦးဆောင်ကော်မတီဝင်များ[4]နှင့်အတူ ဦးတည်အုပ်စု ဆွေးနွေးပွဲ ၂ ကြိမ် နှင့် အရည်အသွေးဆိုင်ရာ အင်တာဗျူး ၁၁ ကြိမ်ကို ပြုလုပ်နိုင်ခဲ့သည်။ ဤအချိန်အတောအတွင်းတွင် စောင့်ကြပ်လေ့လာခြင်း၊ ပြန်လည်သုံးသပ်ခြင်းနှင့် သင်ယူလေ့လာခြင်း အဖွဲ့ (MEL) သည် အမျိုးသမီးနှင့် မိန်းကလေးငယ်များမှ အားလုံးပါဝင်နိုင်သည့် စစ်တမ်း ၂၀၆ ခု နှင့် ဒေသခံ GBV တက်ကြွလှုပ်ရှားသူ ၁၆၄ ဦး၏ သက်တူရွယ်တူ သဘောထားဆိုင်ရာ စစ်တမ်းများ ၇၉၆ စောင် များကို တစ်ပြိုင်နက်တည်း ကောက်ယူမှုများကို ပြုလုပ်ခဲ့ပါသည်။  BLTG စီမံကိန်း၏ လမ်းညွှန်ချက်စည်းမျဉ်းများနှင့်အညီ ကျား/မတန်းတူ အခွင့်အရေးရရှိမှုဝါဒ နှင့် လှုပ်ရှားပြောင်းလဲရေးဝါဒများက EA ကို မောင်းနှင်ပါသည်။ ထို့ကြောင့် EA သည် လက်တွေ့ဖြစ်နေသော သတင်းအချက်အလက် အသုံးပြုမှုကို ဦးစားပေးသတ်မှတ်ခြင်း၊ လေ့လာဆန်းစစ်မှု လုပ်ငန်းစဉ်များ၊ ပူးပေါင်းပါဝင်မှုနှင့် တုံ့ပြန်မှုရှိသော ဒေတာကောက်ယူခြင်း စသည်တို့ကို ပေါင်းစပ်ထားသည်။ သို့ပါသော်လည်း အောက်တွင် ရှင်းလင်းဖော်ပြထားသည့်အတိုင်း ကန့်သတ်ချက်များလည်း ရှိနေပါသည်။ COVID-19 ကူးစက်ရောဂါကြောင့် အများအပြားပါဝင်နိုင်သော လူဦးရေကို ကန့်သတ်ခံရခြင်းကြောင့် ဤလုပ်ငန်းစဉ်များမှ တွေ့ရှိချက်များသည် စီမံကိန်းစက်ဝန်းတွင် ပါဝင်နေသော BLTG အဖွဲ့ဝင်များအားလုံး၏ သဘောထားအမြင်များကို ကိုယ်စားပြုရန် မဖြစ်နိုင်ပေ။ ဤအကျဉ်းချုပ်တွင် အဓိကသတင်းအချက်အလက်နှင့် တွေ့ရှိချက်များကို အနှစ်ချုပ်ဖော်ပြထားသည်။

## တွေ့ရှိချက်များ

*Q1: BLTG စီမံကိန်းနှင့် ပတ်သက်၍ မိတ်ဖက်အဖွဲ့ အစည်းများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များအတွက် GBV အရေးပေါ် ကြိုတင်ပြင်ဆင်မှု နှင့် တုံ့ပြန်ဆောင်ရွက်မှု (EPR) ၏ အောင်မြင်သော အစီအစဉ်အဖြစ် မည်သည့်အချက်များက ဖော်ပြထားပါသနည်း။*

### နည်းပညာပိုင်းဆိုင်ရာနှင့် အစီအစဉ်အပြောင်းအလဲ


လုပ်ငန်းအကောင်အထည်ဖော်ခြင်းနှင့် အစီအစဉ်ဒီဇိုင်းတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ ပူးပေါင်းပါဝင်မှုကို ရည်ရွယ်ချက်ရှိရှိ ဦးတည်ခြင်း။ BLTG အဖွဲ့ဝင်များအနေဖြင့် ၎င်းတို့၏ အဖွဲ့အစည်းများတွင် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအား ဝန်ထမ်းများအဖြစ် တိုးမြှင့်ပါဝင်ဆောင်ရွက်စေခြင်းဖြင့် ယင်းတို့၏ အသံများပါဝင်လာစေရန် ရည်ရွယ်ပြီး  နားထောင်ခြင်းကဏ္ဍများနှင့် တုံ့ပြန်အကြံပြုချက် ယန္တရားများကိုလည်း ထည့်သွင်း အသုံးပြုခဲ့ပါ သည်။ GBV EPR သင်တန်း က မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အားလုံး ပါဝင်စေမှုကို ထင်ဟပ်ပေးသည့် မူဝါဒ ပြောင်းလဲရေးနှင့် အရေးပေါ် ကာလတွင် GBV ဝန်ဆောင်မှုကို အလေးပေးသည့် အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများ ဖြစ်လာစေရန် အတွက် နောက်ထပ် စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်စေကာ GBV ဝန်ဆောင်မှုများကို ပြီးပြည့်စုံစွာနားလည်စေသည့် အခြေခံ အသိပညာနှင့် ကျွမ်းကျင်မှုများကို မိတ်ဖက်အဖွဲ့များအား သင်ကြားပေးသည်။

[3] **BLTG Member:** BLTG စီမံကိန်းတစ်လျှောက်လုံးတွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ကိုယ်စားပြုသော ဝန်ထမ်း.

[4] **BLTG Steering Committee Member:** BLTG စီမံကိန်းတစ်လျှောက်လုံးတွင် အဓိကဆုံးဖြတ်ချက်များအပေါ်တွင် အကြံပြုချက်ပေးသော အမျိုးသမီးအခွင့်အရေးဆိုင်ရာ ဒေသန္တရကွန်ယက် မှ ကိုယ်စားလှယ်.

> *"...ကျွန်တော်တို့ အနေနှင့် သူတို့ကို ဝန်ဆောင်မှုတွေ ပေးတဲ့အခါမှာ ကျွန်တော်တို့ အဖွဲ့အစည်းကနေသာမက တခြားသောအဖွဲ့အစည်းတွေ ကနေလည်း မြန်ဆန်တဲ့ တုံ့ပြန်မှုတွေရရှိဖို့အတွက် အခြားသော အဖွဲ့အစည်းများနဲ့ ပူးပေါင်းဆောင်ရွက်မှုတွေကို ပိုမိုလုပ်ဆောင်ရပါမယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ တစ်ဖွဲ့ထဲကနေ ဝန်ဆောင်မှုအားလုံးကို မပေးနိုင်ပေမယ့် ကွန်ယက်ချိတ်ဆက်မှုတွေကနေတဆင့် သတင်းအချက်အလက်တွေနဲ့ ဝန်ဆောင်မှုတွေကိုတော့ ရရှိနိုင်ပါတယ်။"*
>
> *– BLTG အဖွဲဝင်, မြန်မာနိုင်ငံ*

ရွယ်တူအသိပညာ ဖလှယ်ခြင်းသည် မိတ်ဖက်အဖွဲ့အစည်းများနှင့် ကွန်ယက်များအတွက် GBV လုပ်ငန်းအစီအစဉ်၏ အရည်အသွေးကို ပိုမိုတိုးတက်လာစေသည်။ BLTG အဖွဲ့ဝင်များသည် ၎င်းတို့၏ အဖွဲ့အစည်းများနှင့် GBV ကွန်ယက်များသို့ ပြန်လည်ရရှိခဲ့သော နည်းပညာ ဆိုင်ရာ အသိပညာကို အထောက်အကူပြုရန် အရေးကြီးကြောင်း အလေးထား ပြောဆိုခဲ့သည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင် ကော်မတီဝင် များက စွမ်းဆောင်ရည်မျှဝေခြင်းနှင့် ဒေသတွင်း ကျွမ်းကျင်ပညာရှင်များကို မွေးထုတ်ပေးခြင်းသည် ၎င်းတို့ အေဂျင်စီ၏ ထင်သာမြင်သာရှိမှု နှင့် အမျိုးသမီးနှင့် မိန်းကလေးငယ်များဆိုင်ရာ GBV ဝန်ဆောင်မှုလုပ်ငန်းများ တိုးမြှင့်လုပ်ဆောင်နေသော အခြားသော နိုင်ငံတော်အဆင့် နှင့် ဒေသန္တရအဆင့်ရှိ အဖွဲ့အစည်းများနှင့် ပိုမိုချိတ်ဆက်နိုင်သည့် အခွင့်အလမ်းကို တိုးတက်ရရှိစေကြောင်း သဘောတူကြသည်။ အသိပညာ တိုးပွားလာခြင်းသည် ပိုမိုကျယ်ပြန့်သော GBV တက်ကြွလှုပ်ရှားသူများကွန်ယက်နှင့် ချိတ်ဆက်နိုင်ကာ ရှင်သန်ကျန်ရစ်သူများအတွက် ဝန်ဆောင်မှုများကို ပိုမိုတိုးမြှင့် ရရှိစေပြီး ညွှန်းပို့မှုကွန်ယက်များကိုလည်း ချဲ့ထွင်နိုင်သည်။




*ပုံ ၂. BLTG မိတ်ဖက်များ၏ အရေးပေါ်ကာလ GBV ကျွမ်းကျင်မှုနှင့် ပံ့ပိုးကူညီမှုစွမ်းရည်များအပေါ် ရွယ်တူ များ၏ သဘောထားအမြင်များ*

နည်းပညာဆိုင်ရာ အသိပညာ မျှဝေခြင်း ချဉ်းကပ်မှုနည်းလမ်းသည် GBV ဆိုင်ရာ လုပ်ဆောင်သူများ အချင်းချင်းအကြား BLTG အဖွဲ့ဝင်များ၏ ယုံကြည်မှုနှင့် အသိအမှတ်ပြုခံရမှုကို တိုးတက်လာစေသည်။ BLTG အဖွဲ့ဝင်များအနေဖြင့် သင်တန်းများတွင် ပံ့ပိုးကူညီပေးခြင်းနှင့် ကျွမ်းကျင်မှုများကို မျှဝေနိုင်သည့် အခွင့်အလမ်းများကို ရရှိခြင်းသည် မတူကွဲပြားသော ဝိသေသလက္ခဏာရှိ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ထုတ်ဖော်ပြောဆိုနိုင်ရန်အတွက် နည်းပညာပိုင်းဆိုင်ရာတွင် ၎င်းတို့၏ ယုံကြည်မှုကို ပိုမိုတိုးတက် လာစေသည်ဟု ခံစားရစေသည်။ အားလုံး ပါဝင်နိုင်သော GBV အစီအစဉ် ဖြစ်လာစေရန် စည်းရုံးလှုံ့ဆော်ပေးသည့် အလုပ်ရုံဆွေးနွေးပွဲများ၊ စကားဝိုင်းများနှင့် ဒိုင်ယာလော့ခ်များတွင် ဦးဆောင်ခြင်းသည် ၎င်းတို့၏ ယုံကြည်မှုကို တိုးတက်စေသည်ဟု အဖွဲ့ဝင်များက ထုတ်ဖော်ပြောဆိုကြသည်။ သင်တန်းအပြီး စောင့်ကြည့် လေ့လာမှုဒေတာအရ BLTG အဖွဲ့ဝင်များမှ လေ့ကျင့်သင်ကြားထားသည့် ရွယ်တူချင်းများသည် GBV အစီအစဉ်တွင် မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးငယ် များ ပါဝင်စေခြင်းနှင့် အရေးအပေါ်ကာလအတွင်း GBV ကဏ္ဍတွင် သင်တန်းဆရာအဖြစ် နည်းပညာပိုင်းဆိုင်ရာ ကျွမ်းကျင်မှုတွင် တူညီသော ယုံကြည်မှုရှိကြောင်း ပြသခဲ့သည်။ သင်တန်းတွင် ပါဝင်သူများအနေဖြင့်လည်း သင်တန်းဆရာများသည် ကောင်းမွန်သော သင်တန်းကူညီ ပံ့ပိုးခြင်းဆိုင်ရာ နည်းပညာကျွမ်းကျင်မှုများ ရှိသည်ဟုလည်း လက်ခံကြပါသည်။ (ပုံ ၂ တွင်ကြည့်ရန်)

## အမျိုးသမီးများနှင့် မိန်းကလေးများအပေါ် အကျိုးသက်ရောက်မှု

အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာများအတွက် အပြန်အလှန်အကျိုးသက်ရောက်မှုကို လက်ခံထားသောအမြင်သည် GBV ဝန်ဆောင်မှုပေးခြင်းနှင့် ၎င်း၏ အရည်အသွေးကို တိုးတက်စေသည့် လုပ်ငန်းစဉ်ကို မြှင့်တင်ပေးသည်။ ခေါင်းဆောင်ပိုင်းတွင် နေရာယူထားသော BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များသည် အဖွဲ့အစည်းဆိုင်ရာ မဟာဗျူဟာ အပြောင်းအလဲတွင် မတူကွဲပြားမှု ဝိသေသလက္ခဏာရှိသော အမျိုးသမီးများနှင့် မိန်းကလေးငယ်များ ပါဝင်လာစေရေးကို စည်းရုံးလှုံ့ဆော်နိုင်မည် ဟု ထင်မြင်ခဲ့ကြသည်။ ဒေတာအချက်အလက် အတည်ပြုမှု ပြုလုပ်နေစဉ်အတွင်း အဖွဲ့ဝင်များသည် ဝန်ဆောင်မှုများ မရရှိသော သီးခြားအုပ်စုများမှ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ (မသန်စွမ်းအမျိုးသမီးများနှင့် မိန်းကလေးများ၊ မတူကွဲပြားသော လိင်စိတ်ခံယူချက်ရှိသူ အမျိုးသမီးများနှင့် မိန်းကလေးများ၊ ကျားမရေးရာ ဝိသေသလက္ခဏာ..စသည်) တို့ကိုလည်း ဦးတည်ရန် ထပ်မံဆန္ဒပြုကြသည်။ ဦးဆောင်ကော်မတီဝင်များသည် ဒေသအခြေအနေများအတွင်း ထိခိုက်လွယ်သော ဝိသေသလက္ခဏာများနှင့် ဆက်နွယ်နေသော သဘောထားနှင့် ယုံကြည်ချက်များကို ပြုပြင်ပြောင်းလဲရာတွင် အထူးသဖြင့် မူဝါဒရေးဆွဲရေး တာဝန်ရှိသည့် လုပ်ဖော်ဆောင်ဖက်များနှင့် ဆွေးနွေးမှုများတွင် အခက်အခဲများရှိခဲ့သည်ဟု ပြောဆိုခဲ့ပါသည်။ သို့သော်လည်း BLTG အဖွဲ့ဝင်များသည် ဝန်ဆောင်မှုပေးရာ၌ 'မျှဝေစာနာခြင်း' ချဉ်းကပ်မှုနည်းလမ်း တိုးတက်လာသည်ကို မီးမောင်းထိုးပြနိုင်ခဲ့သည်။ BTLG စီမံကိန်းသည် အမျိုးသမီးများ၊ မိန်းကလေးများ အားလုံးနှင့် လုပ်ငန်းအတူတကွ လုပ်ဆောင်နိုင်ရန်အတွက် ၎င်းတို့၏ အပြန်အလှန်အကျိုးသက်ရောက်မှုကို လက်ခံနိုင်သော အမြင်များကိုလည်း  ပိုမိုဖွံ့ဖြိုးလာစေရန် အကူအညီဖြစ်စေပါသည်။

*"[ကျွန်ုပ်တို့အနေနဲ့ ] ဆယ်ကျော်သက် မိန်းကလေးတွေနဲ့ ပိုမိုဆက်သွယ်လိုတယ်။  မသန်စွမ်း အမျိုးသမီး၊ မိန်းကလေးတွေနဲ့ ပိုမိုဆက်သွယ်လိုပါတယ်။ သတင်းအချက်အလက်တွေ မလုံလောက်တဲ့ အတွက် [လက်လှမ်းမမီနိုင်] သေးပါဘူး။ အဲဒီအုပ်စုတွေကို ပိုပြီး လက်လှမ်းမီနိုင်ဖို့အတွက် ညှိနှိုင်းဆောင်ရွက်မှု ယန္တရား/အဖွဲ့မှ အချက်အလက် တွေကို အသုံးပြုပြီး အလုပ်လုပ်နေပါတယ်။ "*

*– BLTG အဖွဲ့ဝင် , အရှေ့အာဖရိက*

## စွမ်းဆောင်ရည်မျှဝေခြင်း

IRC မှ ငွေကြေးနှင့် နည်းပညာပံ့ပိုးမှုအပေါ် အလေးထားမှု။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များအနေဖြင့် ရွယ်တူချင်းတွင် နည်းပညာဆိုင်ရာ အသိပညာနှင့် ကျွမ်းကျင်မှု ဖလှယ်နိုင်ရန်အတွက် IRC မှ ငွေသားထောက်ပံ့ပေးခြင်းသည် ငွေကြေးမျှဝေခြင်း၏ အရေးကြီးသော အစိတ်အပိုင်းဖြစ်သည်ကို သဘောတူညီကြသည်။ အဆိုပြုထားသော ငွေသားချီးမြှင့်မှု လုပ်ငန်းများကို အစဉ်တစ်စိုက် ဆက်လက်လုပ်ဆောင်နိုင်ရန် စီမံကိန်းကျွမ်းကျင်သူ၏ ထောက်ပံ့ပို့ဆောင်ရေးနှင့် နည်းပညာ ပံ့ပိုးမှုများကို မိတ်ဖက်များသည် အထူးသဖြင့် စိတ်ကျေနပ်မှု ရရှိကြသည်။

စွမ်းဆောင်ရည် မျှဝေခြင်းနှင့် အပြန်အလှန်လေ့လာသင်ယူခြင်းတို့အတွက်  BLTG ကွန်ယက်၏ ပူးပေါင်းမိတ်ဖက်ပြုခြင်းနှင့် ပြုပြင်ထိန်းသိမ်းခြင်း။  ဦးဆောင်ကော်မတီဝင်များသည် ပူးပေါင်းလုပ်ဆောင်မှု၏ အရေးကြီးပုံကို အလေးထားကာ ဒေသတွင်းနှင့် ပြင်ပတို့တွင် ပေါင်းစပ်ညှိနှိုင်းသော ကြိုးပမ်းအားထုတ်မှုနှင့် ညွှန်းပို့မှု စနစ်များအားကောင်းလာအောင် ဦးဆောင်နေသော ဒေသခံ GBV လှုပ်ရှား

ဆောင်ရွက်သူများ၏ ကွန်ယက် တည်ဆောက်ခြင်းကိုလည်း အလေးထားသည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များသည် မတူညီသော နိုင်ငံများနှင့် ဒေသများမှ အမျိုးသမီးအခွင့်အရေး တက်ကြွလှုပ်ရှားသူများအကြား အပြန်အလှန် လေ့လာသင်ယူခြင်းသည် စီမံကိန်း၏ ထူးခြားပြီး အကျိုးဖြစ်ထွန်းစေသော ကဏ္ဍဖြစ်ကြောင်း သဘောတူခဲ့ကြသည်။

လုပ်ငန်းဆောင်ရွက်မှု အရင်းအမြစ်များသည် အသုံးပြုရန် လွယ်ကူခြင်းနှင့် သင့်တော်သော ဘာသာစကားများဖြင့် ရရှိနိုင်ခြင်း။ BLTG အဖွဲ့ဝင်များသည် ဦးဆောင်ကော်မတီဝင်များ၊ IRC နှင့် အဖွဲ့ဝင်များမှ ပူးတွဲဒီဇိုင်းရေးဆွဲထားသော နည်းပညာလမ်းညွှန်ချက် မှတ်စုများ နှင့် ကိရိယာများ၊ ၎င်းကို ဒေသန္တရ ဘာသာစကားများဖြင့် ဘာသာပြန်ဆိုထားသည့် အသိပညာပေးခြင်းဆိုင်ရာ ဖြန့်ဝေရေးပစ္စည်းများ အပါအဝင် လုပ်ငန်းဆောင်ရွက်မှု အရင်းအမြစ်များ၏ လွယ်ကူချောမွေ့စွာ အသုံးပြုနိုင်မှုနှင့် လက်လှမ်းမီမှုကို ဖော်ပြခဲ့ပါသည်။ COVID-19 ကြောင့် အွန်လိုင်းဖြင့် လေ့လာခြင်းသို့ ပြောင်းလဲလိုက်သောအခါ အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များသည် အစည်းအဝေးများတွင် ဘာသာစကားပေါင်းစုံရရှိနိုင်သော အရင်းအမြစ်များနှင့် လမ်းကြောင်းများ အသုံးပြုမှုကိုလည်း အသိအမှတ်ပြု လက်ခံကြသည်။

Q2: BLTG စီမံကိန်းမှ မည်သည့်အချက်များက မတူကွဲပြားသော ဝိသေသ လက္ခဏာရှိ အမျိုးသမီးနှင့် မိန်းကလေးငယ်များ၏ လိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၏ စွမ်းဆောင်ရည် ပံ့ပိုးမှုကို အောင်မြင်စွာ လွယ်ကူချောမွေ့စေခဲ့သနည်း။

AN INCLUSIVE LENS FOR INTERSECTING IDENTITIES ခွဲခြားသတ်မှတ်ထားသော ဝိသေသလက္ခဏာများကို အားလုံးပါဝင်လာနိုင်စေမည့် သဘောထားအမြင်သည် လိုအပ်ချက် အမြင့်မားဆုံးဖြစ်သော အမျိုးသမီးများ၊ မိန်းကလေးငယ်များအတွက် ဦးစားပေးသတ်မှတ်ခြင်း လုပ်ငန်းစဉ်များ လက်လှမ်းမီမှုကို တိုးတက်စေသည်။ BLTG အဖွဲ့ဝင်များသည် စီမံကိန်းမတိုင်မီ အမျိုးသမီး၊ မိန်းကလေးငယ်များအား တူညီသော အုပ်စုအဖြစ်သတ်မှတ်ကာ ၎င်းတို့၏ ခွဲခြားသတ်မှတ်ထားသော ဝိသေသလက္ခဏာများကို နားလည်နိုင်မှုမရှိဘဲ ဝန်ဆောင်မှု ပေးရာတွင်လည်း မတူညီသော အဟန့်အတားများ၏ ဆက်နွယ်မှုများကို ထည့်သွင်းစဉ်းစားမှု မရှိခဲ့ကြောင်းကို ပြောကြားခဲ့သည်။ သို့သော်လည်း BLTG အဖွဲ့ဝင်များသည် ဤစီမံကိန်းတွင် ပါဝင်သည့်အချိန်မှစ၍ လုပ်ငန်းအစီအစဉ် ဒီဇိုင်း၊ လုပ်ငန်းအကောင်အထည် ဖော်ဆောင်ရွက်မှု နှင့် တုံ့ပြန်အကြံပြုချက် ယန္တရားများတွင် အားလုံးပါဝင်နိုင်သည့် စုစည်းမှုများ ပိုမိုရရှိစေရန်အတွက် ထည့်သွင်းခဲ့သည်ဟု အစီရင်ခံခဲ့ပါသည်။ တိုက်ရိုက်ဝန်ဆောင်မှုပေးသော BLTG အဖွဲ့ဝင်များသည်လည်း ဝန်ဆောင်မှုများမရရှိသော အုပ်စုများအပေါ် ထားရှိသော စိတ်နေသဘောထားနှင့် စာနာနားလည်မှုများ ပြောင်းလဲမှုကို အလေးပေး ပြောကြားခဲ့သည်။ စီမံကိန်း ဒုတိယနှစ်တွင် ကောက်ခံထားသော အကျိုးခံစားခွင့်အချက်အလက်များအရ BLTG မိတ်ဖက်အဖွဲ့အစည်းများမှ အမျိုးသမီးနှင့် မိန်းကလေးငယ်များသည် အဖွဲ့အစည်းအနေဖြင့် မတူကွဲပြားမှုကို လက်ခံပြီး မသန်စွမ်းအမျိုးသမီးနှင့် မိန်းကလေးငယ်များအား သီးသန့်ဖယ်ကျဉ်ထားခြင်းမရှိဘဲ လက်လှမ်းမီ ရရှိကြောင်း ကိုလည်း သေချာစေပါသည်။ (ပုံ ၃ တွင် ကြည့်ရန်). သို့သော်လည်း သီးခြားဖြစ်သော အမျိုးသမီးများ၊ မိန်းကလေးငယ်များ၏ လိုအပ်ချက်များ ထုတ်ဖော်ပြောဆိုခြင်း နှင့် ဖြည့်ဆည်းပေးနိုင်ရန် ဖန်တီးပေးရာတွင် လက်ရှိစိန်ခေါ်မှုများဖြစ်သော လူမှုယုံကြည်မှုများ၊ သဘောထားများ၊ အဖွဲ့အစည်းဆိုင်ရာ အဟန့်အတားများနှင့် တရားဥပဒေဆိုင်ရာ မူဘောင်များက သေချာသော အတားအဆီးများ ဖြစ်နေသည်သေးကိုလည်း သတိပြုမိကြပါသည်။

စီမံကိန်းလုပ်ငန်းများနှင့် အရင်းအမြစ်များသည် BLTG အဖွဲ့ဝင်များနှင့်အတူ ဦးဆောင်ကော်မတီဝင်များ သုံးစွဲနိုင်ရန်အလို့ငှာ ပူးတွဲဒီဇိုင်းရေးဆွဲထားပါသည်။ အားလုံးပါဝင်သော ပူးပေါင်းဆောင်ရွက်မှုဖြစ်စဉ်သည် BLTG အဖွဲ့ဝင်များ၏အမှန်တကယ် အတွေ့အကြုံများကို လမ်းညွှန်ပေးနေသည်ဟု ခံစားရစေပြီး ၎င်းတို့လုပ်ငန်း၏ အရင်းအမြစ်များသည် ပြောင်းလွယ်ပြင်လွယ်ဖြစ်ခြင်း နှင့် ကြောင်းကျိုးဆီလျော်မှုရှိခြင်း တို့ကိုလည်း ထင်ဟပ်စေပါသည်။ အားလုံးပါဝင်သော အစီအစဉ်ကို လုပ်ဆောင်နိုင်ရန်အတွက် ငွေသားထောက်ပံ့မှု အခွင့်အလမ်းကိုလည်း ရရှိကာ တစ်ဦးချင်း လမ်းညွှန်ပေးခြင်း အခွင့်အလမ်းများကိုလည်း ထောက်ပံ့ပေးသည်ဟု ထုတ်ဖော်ပြောဆိုကြသည်။ ဦးဆောင်ကော်မတီဝင်များ အနေဖြင့် အားလုံးပါဝင်ရန်အတွက် ဆော်ဩပေးသူများ၏ တန်ဖိုးကို သိမြင်ကြပြီး မတူကွဲပြား ဝိသေသလက္ခဏာရှိသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအတွက် အစီအစဉ်နှင့် ထိရောက်သော စည်းရုံးလှုံ့ဆော်မှုများ ပြုလုပ်နိုင်ရန်အတွက် သင်ကြားပေးသော လက်တွေ့အသုံးချ ကိရိယာ၊ ကျွမ်းကျင်မှု နှင့် ဘာသာစကားအသုံးအနှုန်းများကို BLTG က ပိုမိုတိုးတက် ခိုင်မာစေသည်ကို ခံစားရစေသည်။


BLTG အဖွဲ့ဝင်များသည် သင်တန်း သင်ထောက်ကူပစ္စည်းများ၊ အားလုံးပါဝင်သော လမ်းညွှန်ချက်များနှင့် ကိရိယာများကို အလွန်တန်ဖိုးထားပြီး ၎င်းတို့ လုပ်ငန်းအကောင်အထည်ဖော်နေသော ရပ်ရွာများတွင် အမြင်ဖွင့်သင်တန်းများနှင့် စကားဝိုင်းများ ပြုလုပ်စဉ် အခက်အခဲများကြုံတွေ့မည်ဆိုပါကလည်း ဆက်လက်မျှဝေအသုံးပြုရန် အကြံပြုခဲ့ပါသည်။ ဦးဆောင်ကော်မတီဝင်များသည် မတူကွဲပြားဝိသေသလက္ခဏာများရှိသော အမျိုးသမီးနှင့် မိန်းကလေးငယ်များကို စနစ်တကျ ခွဲခြားဆက်ဆံသည့်စနစ်ရှိနေသည်ကို အလေးပေး ပြောကြားကာ အဖွဲ့အစည်းများအတွင်း အကြီးတန်းခေါင်းဆောင်မှုနှင့် နိုင်ငံရေးဩဇာလွှမ်းမိုးမှုရှိသော အစိုးရအရာရှိများ၏ ပူးပေါင်းပါဝင်မှု အပါအဝင် အသိပညာတိုးတက် လာစေသော မဟာဗျူဟာများဖြစ်လာစေရန်အတွက် စည်းရုံးလှုံ့ဆော်မှုပြုလုပ်ခဲ့ပါသည်။

***Q3: BLTG** မိတ်ဖက်များအနေဖြင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကွန်ယက်များ နှင့် **INGOs** များကြား အောင်မြင်သော အမျိုးသမီးဆိုင်ရာ မိတ်ဖက်ပြုခြင်းတွင် မည်သည့်အချက်များက အရေးကြီးဆုံး အချက်များဖြစ်သည်ဟု ထင်မြင်သနည်း။*

အပြန်အလှန် သင်ယူလေ့လာခြင်းအတွက် အမျိုးသမီးဆိုင်ရာ အဖွဲ့အစည်းများအတူ ညွှန့်ပေါင်းအဖွဲ့နှင့် လှုပ်ရှားမှု တည်ဆောက်ခြင်း။
BLTG အဖွဲ့ဝင်များအနေဖြင့် လှုပ်ရှားမှုတည်ဆောက်ခြင်းကို အမျိုးသမီးများ၊ မိန်းကလေးများ၊ ပုံစံတူအဖွဲ့အစည်းများ နှင့် GBV တက်ကြွလှုပ်ရှားသူများအကြား အားလုံးပါဝင်သော ဆက်ဆံရေးတည်ဆောက်ခြင်းရှိသည့် သတင်းအချက်အလက်များနှင့် အရင်းအမြစ်များကို တန်းတူညီမျှလက်လှမ်းမီခြင်းအားဖြင့် ဆောင်ရွက်သင့်သည့် စုပေါင်းအားထုတ်မှုတစ်ခုအဖြစ် အလေးထားပြောကြားခဲ့ပါသည်။ BLTG အဖွဲ့ဝင်များအနေဖြင့်  အမျိုးသမီးရေးရာ အဖွဲ့အစည်းများ အထူးသဖြင့် ပိုမိုကြီးမားသော အဖွဲ့အစည်းများနှင့် မိတ်ဖက်ပြုရာတွင် အခွင့်အာဏာကွဲပြားမှုများကို အသိအမှတ်ပြုသင့်ပြီး  ရေရှည်တည်တံ့ကာ လိုက်လျော်ညီထွေရှိသော ရန်ပုံငွေယန္တရားများ၊ နည်းပညာဆိုင်ရာ လမ်းညွှန်ပြသခြင်း အခွင့်အလမ်းများနှင့် အမျိုးသမီး အခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၏ အဓိပ္ပာယ်ပြည့်ဝသော လုပ်ငန်းများကို ဆက်လက်တိုးချဲ့ လုပ်ဆောင်ခြင်းတို့ကိုလည်း လုပ်ဆောင်သင့်သည်။ မတူကွဲပြားသော အမျိုးသမီးများနှင့် မိန်းကလေးများအား စနစ်တကျ ဖိနှိပ်ချုပ်ခြယ်မှုများကို ထုတ်ဖော်ပြောဆိုရန်အတွက် အတူတကွ အလုပ်လုပ်ကိုင်နေကြသော အမျိုးသမီးရေးရာ ပုံစံတူအဖွဲ့အစည်းများ၏ မဟာမိတ်ပြုခြင်းကိုလည်း အလားတူ အာရုံစိုက်သည်။ အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ကွန်ယက်များအတွက်

အပြန်အလှန် သင်ယူ လေ့လာခြင်း၊ စွမ်းဆောင်ရည်မျှဝေခြင်းများကို ဦးစားပေးစဉ်တွင် ကွန်ယက်များ နှင့် INGOs များအနေဖြင့် အခွင့်အလမ်းများနှင့် မြင်သာ ထင်သာရှိမှုအတွက် တံခါးဖွင့်ထားရန်ကိုလည်း ဦးဆောင်ကော်မတီဝင်များက ဦးစားပေးသင့်ပါသည်။

အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရာတွင် ဆုံးဖြတ်ချက်များကို မျှဝေခြင်းသည် အဓိပ္ပာယ်ပြည့်ဝသော ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးအရေး လှုပ်ရှားမှုအဖြစ်သို့ ရောက်ရှိစေရန် ပထမခြေလှမ်းဖြစ်သည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များအနေဖြင့် IRC နှင့် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများမှ ချမှတ်ထားသော ပူးတွဲမျှော်မှန်းချက်နှင့် ကတိကဝတ်များကို လေးစားတန်ဖိုးထားခဲ့ပြီး စီမံကိန်းတွင် ပူးပေါင်းပါဝင်ခြင်းသည် ကမ္ဘာလုံးဆိုင်ရာ အမျိုးသမီးအရေး လှုပ်ရှားမှုတွင် အဓိပ္ပာယ်ပြည့်ဝသော ပါဝင်မှုအဖြစ် ခံစားစေပါသည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များက မိတ်ဖက်အဖွဲ့များ၏ အချိန်ဇယားများကိုလည်း ထည့်သွင်းစဉ်းစားကာ စီမံကိန်းကို ပြောင်းလွယ်ပြင်လွယ် ဖြစ်စေခဲ့ပြီး ၎င်းတို့၏ ပူးပေါင်းပါဝင်မှုနှင့် အသံများပါဝင်မှုကို သေချာစေရန် ပြုလုပ်ခဲ့သည်ကို တွေ့ရှိရပါသည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များက အကူးအပြောင်းနှင့် လွှဲပြောင်းပေးအပ်သော ကာလကို အထောက်အကူပြုစေရန်နှင့် ရေရှည်တည်တံ့ခိုင်မြဲစေရန်အတွက် ရေရှည်မိတ်ဖက်ဆောင်ရွက်ခြင်းကို တိုးမြှင့်နိုင်သည်ဟု အကြံပြုခဲ့ကြပါသည်။




*ပုံ ၃. ဒုတိယနှစ်တွင် ကောက်ခံထားသော အားလုံးပါဝင်သော လက်လှမ်းမီမှုဆိုင်ရာ အကျိုးခံစားခွင့်ရှိသူများ စစ်တမ်း အချက်အလက်*

**အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် ကွန်ယက်များအား ဘဏ္ဍာရေးဆိုင်ရာ ထောက်ပံ့ရာတွင် ၎င်းအဖွဲ့အစည်းများ၏ အရွယ်အစားနှင့် လွှမ်းခြုံနိုင်မှုတို့ကို ထည့်သွင်းစဉ်းစားသင့်သည်။** BLTG အဖွဲ့ဝင်များသည် စီမံကိန်း၏ ငွေသားထောက်ပံ့မှု ဖြစ်စဉ်နှင့် ပတ်သက်သော ၎င်းတို့၏ အတွေ့အကြုံများကို ထင်ဟပ်သုံးသပ်ကာ ပစ္စည်းကိရိယာအမျိုးမျိုး အသုံးပြုမှုအဆင့်တွင် အဆုံးသတ်ခဲ့ ကြသည်။

*“ငွေသားထောက်ပံ့ပေးတာက ကောင်းပါတယ်။ ဒါပေမဲ့ အဲတာက အဖွဲ့အစည်း စွမ်းဆောင်ရည် အပြည့်အဝရရှိဖို့အတွက်တော့ လုံလောက်မှု မရဘူးပေါ့။ ဥပမာ. [မိတ်ဖက်အဖွဲ့အစည်း] အတွက် $ ၅၀၀၀ က  ကျွန်တော်တို့ လုပ်ငန်းတစ်ခု [အတွက်သာ]ဖြစ်တယ်…ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ ဒေသခံအဖွဲ့အစည်း ဖြစ်ပြီးတော့ အဖွဲ့ဝင်အဖွဲ့အစည်းတွေရဲ့ စွမ်းဆောင်ရည် တိုးတက်ဖို့လည်း ကြည့်ပေးရပါတယ်…ဒါကြောင့် ကျွန်တော်တို့ ရတဲ့ $၅၀၀၀ ကို ဘယ်လို လုပ်ငန်းအတွက် ဘယ်လို ခွဲဝေကြမလဲဆိုတာတော့ ရှိပါတယ်. … ဥပမာဆိုရင် နိုင်ငံ၆ နိုင်ငံအတွက် ငွေသားထောက်ပံ့မှုက အနည်းငယ် အငြင်းပွားဖွယ်တော့ ရှိတာပေါ့….. ကျွန်တော့် အထင် တစ်ချို့ အဖွဲ့အစည်းတွေ [အတွက်တော့ ]ကောင်းပါတယ်….”*

*– ဦးဆောင်ကော်မတီဝင်, ယူဂန်ဒါနိုင်ငံ.*

ငွေသားထောက်ပံ့မှု ရရှိသော မိတ်ဖက်အဖွဲ့အစည်းများ၏ သတ်မှတ်ထားသော တိုက်ရိုက်ဝန်ဆောင်မှုပေးသည့် နယ်မြေ အတွက် ခွဲဝေခဲ့သော ထောက်ပံ့မှုသည် ၎င်းတို့၏ လုပ်ငန်း လွှမ်းခြုံမှု အတွက် လုံလောက်မှုရှိခဲ့သည်။ သို့သော်လည်း ဒေသတွင်း ပူးပေါင်း ဆောင်ရွက်မှု၊ မူဝါဒနှင့် စည်းရုံးလှုံ့ဆော်မှုလုပ်ငန်းနှင့် ပတ်သက်၍ လုပ်ကိုင်ခဲ့ကြသော အဖွဲ့အစည်းများက ၎င်းတို့၏ အလားအလာရှိ သော လုပ်ငန်းအတိုင်းအတာအထိ ရောက်ရှိနိုင်ရန်အတွက် လုံလောက်သော ပမာဏမရရှိခဲ့ပါ။

Q4: BLTG မိတ်ဖက်များနှင့် BLTG စီမံကိန်းဦးဆောင်ကော်မတီသည် ဒေသခံအမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ကွန်ယက် နှင့် INGOs များကြား ရေရှည်ခိုင်မာသည့် အမျိုးသမီးဆိုင်ရာ မိတ်ဖက်မှု ကို တည်ဆောက်ရန် မည်သည့် နည်းလမ်းများက အကောင်းဆုံး ဖြစ်သည်ဟု ထင်မြင်ပါသနည်း။

**“မှန်ကန်သော” ပံ့ပိုးကူညီသည့် မိတ်ဖက်ပြုခြင်းနှင့် မျှဝေထားသော စည်းမျဉ်းစည်းကမ်းများရှိခြင်းက အဖွဲ့အစည်းများအကြား အောင်မြင်သော ဆက်ဆံရေးတည်ဆောက်ရာတွင် မတူညီသော အမြင်များရှိသည့် မိတ်ဖက်များအတွက် ခြားနားမှုတစ်ခု ဖြစ်စေသည်။** BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များသည် စစ်မှန်သော အမျိုးသမီးညွန့်ပေါင်းဖွဲ့မှု လွယ်ကူချောမွေ့စေမည့် မျှတသော တန်ဖိုးများ နှင့် လေးစားမှုကို စံနမူနာထားသည့် 'မှန်ကန်သောအဖွဲ့နှင့် မိတ်ဖက်အဖွဲ့အစည်းများ' ရှိခြင်း၏ အရေးကြီးမှုကို အလေးအနက် ပြောကြား ခဲ့သည်။ စီမံကိန်းအစတွင် ပူးတွဲမျှော်မှန်းချက်များနှင့် လုပ်ငန်း လုပ်ဆောင်ရာ၌ ပွင့်လင်းမြင်သာရှိမှုများ ရှိစေရန်အတွက် အခြေခံစည်းမျဉ်းများကို ချမှတ်ခဲ့သည် (နောက်ဆက်တွဲ ၁ တွင်ကြည့်ရန်)။ အဖွဲ့ဝင်များ သည် ၎င်းစည်းမျဉ်းများ၏ အရေးပါမှု အထူးသဖြင့် မိတ်ဖက်မှု သာတူညီမျှမှုကို မြှင့်တင်ပေးသော ရှင်းလင်းကာ တသမတ်ဖြစ်သော ဆက်သွယ်ဆက်ဆံမှု ကို အစဉ်မီးမောင်းထိုးပြကြသည်။ စိန်ခေါ်မှုရှိသော လုပ်ငန်းခွင်များတွင် စူးစမ်းလိုမှုနှင့် စာနာနားလည်မှု ဖြင့် ချဉ်းကပ်လုပ်ဆောင်မှုကိုလည်း အစဉ် ထိန်းသိမ်းထားပါသည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင် ကော်မတီဝင်များသည် အမျိုးမျိုးသော လုပ်ငန်းများ၏ ပြောင်းလွယ် ပြင်လွယ်ဖြစ်မှုနှင့် ရှင်းလင်းသော ကတိကဝတ် မျှော်လင့်ချက်များက မိတ်ဖက်လုပ်ဆောင်မှုမှတဆင့် ညှိနှိုင်းချိတ်ဆက်မှုများ ဆက်လက် လုပ်ဆောင်စေသည်ကို သဘောတူညီမှု ရှိကြသည်။ ပါဝင်သူများ အားလုံးကို မေးမြန်းခြင်းအရ Across all participants interviewed, BLTG အဖွဲ့ဝင်များနှင့် ဦးဆောင် ကော်မတီဝင်များက BLTG မိတ်ဖက် ဆောင်ရွက်မှုသည် အနာဂတ် အမျိုးသမီးဆိုင်ရာ မိတ်ဖက်ဆောင်ရွက်မှုများအတွက် ကနဦးပုံစံ ဖြစ်သည်ဟု ယုံကြည်ကြပြီး ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ မျှဝေသင်ယူ လေ့လာမှုများ၏ အသုံးဝင်မှုနှင့် မိတ်ဖက်များ၏ လိုက်လျောညီထွေရှိအောင် ပြောင်းလွယ်ပြင်လွယ်ရှိသော မိတ်ဖက်လုပ်ဆောင်မှုများအတွက် လိုအပ်ချက်များကိုလည်း အလေးထားပါသည်။

*“ကျွန်တော့်အထင် အပြည်ပြည်ဆိုင်ရာ [အဖွဲ့အစည်းတွေ] ရဲ့ အခန်းကဏ္ဍက [သူတို့ ]ဆီမှာ မတူညီတဲ့...အလှူရှင် အဖွဲ့အစည်းတွေနဲ့ ဆက်သွယ်နိုင်တဲ့ နည်းလမ်း ဒါမှမဟုတ် အခွင့်အလမ်းတွေ ရပါတယ်...အဲတာက အောက်ခြေအဖွဲ့အစည်းတွေအတွက် မလွယ်ပါဘူး...အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေက အောင်မြင်မှုရဲ့ အစိတ်အပိုင်း ဆိုတာ ယုံကြည်တယ်ဆိုရင် သူတို့ကိုယ် သူတို့ အစ်မကြီး တစ်ယောက်လို စဉ်းစားသင့်ပါတယ်. ကျွန်တော်တို့က အပြည်ပြည်ဆိုင်ရာ အဖွဲ့အစည်းတွေရဲ့ ရန်ပုံငွေအကြောင်း ပြောမယ်ဆိုရင်တောင်မှ သူတို့ကို ကူညီသင့်ပါတယ်. အလှူရှင်တွေဆီက ရန်ပုံငွေတွေ မရရင်တောင်မှ သူတို့က အောက်ခြေအဖွဲ့အစည်းတွေ ထက် ရန်ပုံငွေပိုရတယ်. တကယ်လို့ သင်က အောက်ခြေလူထုကို ကူညီဖို့ အသေးစားရန်ပုံငွေ ထောက်ပံ့ပေးမယ်ဆိုရင် သင်က ဒီအောင်မြင်မှုတွေ ရလာမယ် ပြီးတော့ သင်က ဒီအောင်မြင်မှုရဲ့ အစိတ်အပိုင်း တစ်ခု ဖြစ်လာမယ်ဆိုတာ ကျွန်တော်သေချာ ပြောနိုင်ပါတယ်.”*

*- ဦးဆောင်ကော်မတီဝင်, ဂျော်ဒန်နိုင်ငံ*

**အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများ ဦးဆောင်သော စွမ်းဆောင်ရည် မျှဝေခြင်းအား အထောက်အကူဖြစ်စေသော လမ်းကြောင်းနှင့် ဘဏ္ဍာရေး ထောက်ပံ့မှု ယန္တရားများ။** BLTG အဖွဲ့ဝင်များက ပုံစံတူ အဖွဲ့အစည်းများနှင့် မိတ်ဖက်လုပ်ဆောင်မှုများကို ဆက်လက်လုပ်ဆောင်ရန် ပြောဆိုကြပြီး ပြင်ပမှ လိုက်လျောညီထွေရှိသော ဘဏ္ဍာရေးထောက်ပံ့မှုများ ရရှိစေရန်အတွက် အသိပညာ

ဖလှယ်ခြင်း လုပ်ငန်းကိုလည်း ဆက်လက်ထိန်းသိမ်းရပါမည်။ ဦးဆောင်ကော်မတီဝင်များသည် GBV EPR ကျွမ်းကျင်မှုအား ဒေသအတွင်း သီးသန့်လုပ်ဆောင်နိုင်သော နိုင်ငံလုံးဆိုင်ရာ နှင့်/သို့မဟုတ် ဒေသန္တရဆိုင်ရာ ကွန်ယက်များ ဖန်တီးရန်အတွက် သင့်လျော်သော ဘဏ္ဍာရေးအရင်းအမြစ်များကို အသုံးချရန် အကြံပြုခဲ့သည်။

ဩဇာလွှမ်းမိုးမှု၊ ဆုံးဖြတ်ချက်ချမှတ်မှုနှင့် သင့်လျော်သော အရင်းအမြစ်များ အသုံးချမှုသည် စစ်မှန်သော သာတူညီမျှဖြစ်မှုနှင့် အမျိုးသမီးဆိုင်ရာ မိတ်ဖက်ပြုမှုအတွက် အခြေခံဖြစ်သည်။ BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များက INGOs များသည် သင်ယူလေ့လာမှုများကို မျှဝေနိုင်မည့် အခွင့်အလမ်းများဖန်တီးရန်အတွက် လွှမ်းမိုးမှုရှိသော်လည်း မည်သူတို့ကို ပို၍ဦးစားပေးရန် လိုအပ်သည်ကို သတိပြုသင့်ပါသည်။ မိတ်ဖက်လုပ်ဆောင်မှုတွင် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် GBV တက်ကြွလှုပ်ရှားသူများကို ဗဟိုပြုရန်  INGOs များ၏ လိုအပ်ချက်ကို မီးမောင်းထိုးပြကာ လုပ်ငန်းစဉ်တစ်လျှောက်လုံးတွင် ဦးစားပေးမျှဝေမှု၊ တန်ဖိုးများ၊ နှင့် ဆုံးဖြတ်ချက်ချနိုင်စွမ်းများကို သေချာစေရန် လိုအပ်ပါသည်။ ထိုသို့လုပ်ဆောင်ရာတွင် အဖွဲ့အစည်းများ၏ အချိန်ပေးမှု၊ ကျွမ်းကျင်မှုနှင့် ကြိုးပမ်းအားထုတ်မှုများအကြား ဩဇာလွှမ်းမိုးမှု ခြားနားချက်များနှင့် လုပ်ဆောင်နိုင်စွမ်းများကိုလည်း ထိန်းသိမ်းထားရမည်။ BLTG နှင့် ဦးဆောင်ကော်မတီ အဖွဲ့ဝင်များသည် INGOs အနေဖြင့် စွမ်းဆောင်ရည်မျှဝေခြင်းကို ဆက်လက် ကြိုးပမ်းလုပ်ဆောင်ရန် လိုအပ်ပါသည်။ သို့သော်လည်း အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် လက်တွဲလုပ်ဆောင်သည့်အခါ နိုင်ငံလုံးဆိုင်ရာ၊ ဒေသဆိုင်ရာနှင့် ကမ္ဘာလုံးဆိုင်ရာ ချိတ်ဆက်လုပ်ဆောင်ရာတွင် ထင်သာမြင်သာရှိမှုနှင့် အခွင့်အလမ်းများ တိုးတက်လာသည်နှင့်အမျှ ဘဏ္ဍာရေးဆိုင်ရာ မဟာဗျူဟာများကိုလည်း ပြန်လည် ထည့်သွင်းစဉ်းစားသင့်ပါသည်။ BLTG နှင့် ဦးဆောင်ကော်မတီ အဖွဲ့ဝင်များအနေဖြင့် အနာဂတ် အမျိုးသမီးဆိုင်ရာ မိတ်ဖက်ပြုခြင်းမှသည် တိုက်ရိုက်ဝန်ဆောင်မှုများ ပေးနိုင်သော  ရေရှည်မိတ်ဖက်ပြုခြင်း ဖြစ်လာစေရန် ဦးစားပေး တိုက်တွန်းကာ စည်းရုံးလှုံ့ဆော်မှုနှင့် မူဝါဒလုပ်ငန်းစဉ်တွင် ပါဝင် လုပ်ဆောင်နေသော အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများအား သင့်လျော်သော ဘဏ္ဍာရေးဆိုင်ရာ ယန္တရားများနှင့် နည်းပညာပံ့ပိုးမှု တွင် မဟာဗျူဟာကျကျ လက်တွဲလုပ်ဆောင်နိုင်ရန်ကိုလည်း တိုက်တွန်းထားပါသည်။




*ပုံ ၄။ အနာဂတ်၏ အမျိုးသမီးရေးရာ မိတ်ဖက်ပြုခြင်းနှင့်စပ်လျဉ်း၍ BLTG မိတ်ဖက်များနှင့် ဦး ဆောင်ကော်မတီ ဝ င်များမှ မျှဝေထားသော အဓိကပုံ*

နိဂုံး


အောင်မြင်သော စွမ်းဆောင်ရည်မျှဝေခြင်း လုပ်ငန်းအစီအစဉ်ပုံစံ။

BLTG စီမံကိန်းသည် အရေးပေါ်ကာလ GBV ဆိုင်ရာ ကြိုတင်ပြင်ဆင်ခြင်း၊ တုံ့ပြန်ဆောင်ရွက်ခြင်းနှင့် အားလုံးပါဝင်စေခြင်းတို့အတွက် ခိုင်မာအားကောင်းသော ပုံစံတစ်ခုဖြစ်ပြီး BLTG အဖွဲ့ဝင်များနှင့် ဦးဆောင် ကော်မတီဝင်များအား တွေ့ဆုံဆွေးနွေးမှုနှင့်ပတ်သက်၍  အမျိုးသမီးဆိုင်ရာ တန်ဖိုးများနှင့် လုပ်ငန်းလုပ်ဆောင်မှု နည်းလမ်းများကို ထင်ဟပ် စေပါသည်။ အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များ အနေဖြင့်

မတူကွဲပြားသော အမျိုးသမီးနှင့် မိန်းကလေးငယ်များအား ချည်နှောင် ထားသော ယုံကြည်မှု ဓလေ့ရိုးရာများနှင့် ရင်ဆိုင်ကြုံတွေ့ရာတွင် စိန်ခေါ်မှုများရှိသည်ကို သတိပြုမိသော်လည်း ဤအဆုံးသတ် အကဲဖြတ်ခြင်း တွေ့ရှိချက်များအရ စွမ်းဆောင်ရည်မျှဝေရန် မိတ်ဖက်ပြုခြင်းနှင့် သင်ယူမှုမျှဝေခြင်း ချဉ်းကပ်မှုနည်းလမ်းသည် အမျိုးသမီး အခွင့်အရေး ဆိုင်ရာ အဖွဲ့အစည်းများ၏ ကျွမ်းကျင်မှုနှင့် ခေါင်းဆောင်မှုများ ပါဝင်သော လှုပ်ရှားမှုတည်ဆောက်ခြင်းကို ဆက်လက်ပံ့ပိုးရန် အလားအလာ ရှိသည်ဟု အကြံပြုပါသည်။

**အမျိုးသမီးဆိုင်ရာ မိတ်ဖက်ပြုခြင်းအပေါ် အရေးပေါ်လေ့လာခြင်း။** BLTG စီမံကိန်းသည် အမျိုးသမီးအခွင့်အရေးဆိုင်ရာ အဖွဲ့အစည်းများနှင့် INGOs များအကြားရှိ မိတ်ဖက်မှုပြုခြင်းအပေါ် နားလည်မှု တိုးမြှင့်လာစေပါသည်။ သို့သော်လည်း အဆုံးသတ်အကဲဖြတ်ခြင်းတွင် ပါဝင်မှု အရွယ်အစားနှင့် ပမာဏ အကန့်အသတ်များကြောင့် ထပ်မံလေ့လာမှုများ ပြုလုပ်ရန် လိုအပ်ပါသည်။ ဤအတောအတွင်း BLTG အဖွဲ့ဝင်များနှင့် ဦးဆောင်ကော်မတီဝင်များသည် မိတ်ဖက်အဖွဲ့အစည်းများအကြား ဆက်ဆံရေးတည်ဆောက်ခြင်း၏ အရေးပါပုံ၊ တူညီသော ဆုံးဖြတ်ချက် ချမှတ်ခြင်း၊ အာဏာလွှဲပြောင်းပေးခြင်း၊ အပြန်အလှန် သင်ယူလေ့လာခြင်း၊ လိုက်လျောညီထွေရှိသော ဘဏ္ဍာရေးယန္တရားများ တည်ဆောက်ခြင်း၊ အရင်းအမြစ်များ မျှဝေခြင်းနှင့် ရေရှည်တည်တံ့သော မိတ်ဖက်ပြုခြင်း တို့ကို အလေးထားခဲ့ပါသည်။

---



IRC အနေဖြင့် အမေရိကန်ပြည်ထောင်စု၏ ချီးမြှင့်မှုအဖြစ် BLTG စီမံကိန်း အား ရန်ပုံငွေ ထောက်ပံ့ပေးသော အမေရိကန်ပြည်ထောင်စုဌာန  လူဦးရေ၊ ဒုက္ခသည်များနှင့် လူဝင်မှုကြီးကြပ်ရေး ဗျူရို အား ကျေးဇူးတင်ရှိပါသည်။

နောက်ဆက်တွဲ ၁

**Building Local Thinking Global စီမံကိန်းမူဝါဒ** ဝကျွန်ုပ်တို့၏ စုစည်းလုပ်ဆောင်ခြင်း ချဉ်းကပ်မှုနည်းလမ်းသည် အောက်ပါမူဝါဒများတွင် အခြေခံထားပါသည်_

**ဘုံအခြေခံအုတ်မြစ် -** ကျွန်ုပ်တို့ စွဲကိုင်ထားသော အမျိုးသမီးဝါဒနှင့် တက်ကြွလှုပ်ရှားမှုသည် လုပ်ငန်းများအတူတကွ လုပ်ဆောင်နိုင်ရန်အတွက် တွန်းအားဖြစ်စေသည်။

**အသွင်ကူးပြောင်းခြင်း -** ကျွန်ုပ်တို့သည် အရေးပေါ်အခြေအနေတွင် လုပ်ငန်းများ ဦးဆောင်နိုင်သော ဒေသခံ အမျိုးသမီးများနှင့် မိန်းကလေးငယ်များ အဖွဲ့အစည်းဖြစ်လာစေရန် အာဏာနှင့် အရင်းအမြစ်များ လွှဲပြောင်းပေးရန်အတွက် အတူတကွ လက်တွဲလုပ်ဆောင်သည်။

**လွတ်လပ်ခြင်း -** Wကျွန်ုပ်တို့သည် အဖွဲ့ဝင်အချင်းချင်း၏ လုပ်ပိုင်ခွင့်နှင့် သဘောထားအမြင်ရှုထောင့်များကို လေးစားသည်။

**ပွင့်လင်းမြင်သာရှိခြင်း -** ကျွန်ုပ်တို့အချင်းချင်း ရိုးသားပြီး ပွင့်လင်းမြင်သာသော ဆက်သွယ်ဆက်ဆံရေးကို ကျင့်သုံးသည်။

**အပြန်အလှန် တာဝန်ခံခြင်း -** ကျွန်ုပ်တို့သည် အမျိုးသမီးနှင့် မိန်းကလေးငယ်များကို တာဝန်ခံမှုရှိပြီး စုစည်းလုပ်ဆောင်မှုနှင့် ကတိကဝတ်များကို အပြန်အလှန် မျှဝေပါသည်။

**ကိုယ်ပိုင်ဖြစ်ခြင်းနှင့် ရေရှည်တည်တံ့မှု -** ကျွန်ုပ်တို့၏ လမ်းကြောင်းနှင့် ဦးစားပေးသတ်မှတ်ချက်များကို ဆုံးဖြတ်ရာတွင် အဖွဲ့ဝင်များအားလုံး၏ အသံနှင့် အခန်းကဏ္ဍများကို ပါဝင်စေခြင်းဖြင့် တူညီသော ပိုင်ရှင်များအဖြစ် သတ်မှတ်သည်။

**စူးစမ်းလေ့လာလိုစိတ်ရှိခြင်း -** ကျွန်ုပ်တို့ သည် အကောင်းဆုံး အမူအကျင့်ကို ဖမ်းဆုပ်လေ့လာရန်နှင့် ချဉ်းကပ်မှုနည်းလမ်းများကို လိုက်လျောညီထွေဖြစ်အောင် လုပ်ဆောင်ရန်နှင့် လုပ်ငန်းကို တိုးတက်အောင် လုပ်ဆောင်ရန် ကြိုးပမ်းသည်။

**စည်းလုံးညီညွတ်ခြင်း -** ကျွန်ုပ်တို့သည် အမျိုးသမီးများနှင့် မိန်းကလေးငယ်များအပေါ် အကြမ်းဖက်မှုနှင့် မတရားမှုအဆုံးသတ်ရန် ကျွန်ုပ်တို့၏ ကတိကဝတ်များက အားဖြည့်ပေးသည်။

**လွှမ်းမိုးခြင်း -** ကျွန်ုပ်တို့ အနေဖြင့် လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ ရန်ပုံငွေ၊ မဟာဗျူဟာနှင့် မူဝါဒများတွင် အမျိုးသမီးနှင့် မိန်းကလေးငယ်များ အင်တိုက်အားတိုက် ပါဝင်နိုင်ရန် တောင်းဆိုသည်။

AKINA MAMA WA AFRIKA · GBV Prevention Network · GEN Gender Equality Network · International Rescue Committee · KARAMA · Strategic Initiative for Women in the Horn of Africa · Women's International Peace Centre

မဟာမိတ်ဖွဲ့ခြင်းသည် **အသွင်ကူးပြောင်းသော ခေါင်းဆောင်မှု** ကို လူမှုပြောင်းလဲမှု မဟာဗျူဟာအဖြစ် သတ်မှတ်ပြီး တစ်ဦးချင်းစီ၏ ခေါင်းဆောင်မှု ဖွံ့ဖြိုးတိုးတက်ရေး - အခြားသူများအပေါ် လွှမ်းမိုးမှုရှိစေရန် အမျိုးသမီးများအား အသိပညာ မြှင့်တင်ခြင်း၊ ပြောင်းလဲမှုကို ယူဆောင်ပေးခြင်းနှင့် အခြားသူများ စွမ်းဆောင်ရည်တိုးမြှင့်လာစေရန် ပံ့ပိုးကူညီပေးခြင်း စသည်တို့ အတွက် အထောက်အကူပြုသော ပတ်ဝန်းကျင်ကောင်းကို ဖန်တီးပေးသည်။ ၎င်းတွင် တစ်ဦးချင်း၊ လူထုအတွင်းနှင့် ဖွဲ့စည်းမှုစနစ် အဆင့်များတွင် နည်းလမ်းတကျ ခေါင်းဆောင်မှု တို့ ပါဝင်ပါသည်။ ကျွန်ုပ်တို့၏ ရေတို၊ ရေရှည် စုစည်းအားထုတ်မှုနှင့် ရင်းနှီးမြှုပ်နှံမှုတို့သည် လူသားချင်းစာနာထောက်ထားမှုစနစ်အတွင်းရှိ အမျိုးသားများ၏ ကြီးစိုးမှုနှင့် တန်းတူညီမျှမှုမရှိခြင်း ကို ပြောင်းလဲပေးနိုင်သည့် အခြေခံ အကြောင်းအရာများဖြစ်သည်။ ကျွန်ုပ်တို့၏ ချဉ်းကပ်မှု -

- **အခြားသူများနှင့် မိမိကိုယ်ကို စွမ်းဆောင်ရည်မြှင့်တင်ခြင်း -** မိမိကိုယ်ကို ယုံကြည်မှု တည်ဆောက်ခြင်းနှင့် မိမိကိုယ်ကို တန်ဖိုးထားခြင်း၊ သက်ဆိုင်ရာ အသိပညာ ဖွံ့ဖြိုးတိုးတက်ခြင်းနှင့် ခေါင်းဆောင်မှု စွမ်းရည်၊ နှင့် ပြောင်းလဲမှုအတွက် စွမ်းဆောင်ရည် တည်ဆောက်ခြင်း တို့အားဖြင့် တစ်ဦးချင်းစီနှင့် အစုအဖွဲ့များ၏ လုပ်ဆောင်နိုင်ခွင့် ကို ခိုင်မာ အားကောင်းစေခြင်း။
- **အထောက်အကူပြုသော ပတ်ဝန်းကျင်ကောင်း ဖန်တီးခြင်း -** အလားအလာရှိသော ခေါင်းဆောင်မှု ကို အမှန်တကယ် အကောင်အထည်ဖော်ရန်အတွက် နေရာများ ဖန်တီးပေးခြင်း။
- **နိုင်ငံရေးစကားသံနှင့် အနေအထားကို ရှင်းရှင်းလင်းလင်း ထုတ်ဖော်ပြောဆိုခြင်း -** ကျားမရေးရာ မဟာဗျူဟာနှင့် လက်တွေ့လိုအပ်ချက်များကို ခွဲခြမ်းစိတ်ဖြာခြင်းတွင် ချိတ်ဆက်ပါဝင်ခြင်းနှင့် အရေးပေါ်ကာလနှင့် လူသားချင်းစာနာ ထောက်ထားမှုဆိုင်ရာ တုံ့ပြန်ဆောင်ရွက်ရာတွင် အခွင့်အာဏာ ဆက်နွယ်မှုများကိုလည်း ထုတ်ဖော်ပြောဆိုပြီး ကျားမရေးရာ သဘောထားအမြင်များကို တိုးတက်စေခြင်း။
- **ပြောင်းလဲမှုအေးဂျင့်များ ပေါ်ထွက်စေခြင်း -** အမျိုးသမီးများအနေဖြင့် ဒေသန္တရနှင့် ကမ္ဘာလုံးဆိုင်ရာ လူသားချင်း စာနာထောက်ထားမှုဆိုင်ရာ ဆုံးဖြတ်ချက်ချခြင်း ဖွဲ့စည်းပုံ အပါအဝင် ၎င်းတို့၏ အခွင့်အရေးများ တောင်းဆိုနိုင်ခွင့်နှင့် နေရာဖန်တီးခွင့် ရရှိခြင်းအားဖြင့် တက်ကြွစွာ ပူးပေါင်းပါဝင်မှုကို မြှင့်တင်နိုင်ခြင်း။
- **တူညီသော ရည်မှန်းချက်ဆီသို့ ဦးတည် နိုးဆော်ခြင်း -** မဟာမိတ်များနှင့် ပူးပေါင်းဆောင်ရွက်သူများတို့နှင့်အတူတကွ ရူပါရုံ၊ ရည်မှန်းချက် နှင့် လုပ်ဆောင်ချက် အစီအစဉ်များကို မျှဝေနိုင်ရန် ဖန်တီးခြင်း။